# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၂၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁-၃-၂၀၁၄ ] (သောကြာနေ့) ၁၃၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ်အတွင်းရှိ အိုးသည်ကုန်းမြို့နှင့် အေးမြသာယာမြို့သစ်တို့ရှိ ရပ်ကွက်များတွင် ကြံ့ခိုင်မှုမရှိသော သစ်သားဓာတ်တိုင်များအား ကွန်ကရစ် ဓာတ်တိုင်များအဖြစ် အစားထိုးပြောင်းလဲ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်၊ ပုံနေကျေးရွာ အုပ်စုနှင့် ဝမ်စဲ့ကျေးရွာအုပ်စု ၂ စုအတွက် ထရန်စဖော်မာကြီးများ၊ ကွန်ကရစ်ဓာတ်မီးတိုင်များ၊ လျှပ်စစ်မီးကြိုးများနှင့် ဆက်စပ် ပစ္စည်းများကို ကူညီသွယ်တန်းဆောက်လုပ်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ **“အမျိုးသားပညာရေးဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။